# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

April 29 , 2024 Volume 77, Number 16

၂၉.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၃၃၁ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၄.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၀.၅ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၈.၂၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၇၉ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၆၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၃၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၃၉.၉၇၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၆၃၄ ကျပ် |

Source: CBM Rate, etrademyanmar.com

## ပြည်ပတင်ပို့ရန် စိန်တလုံးသရက်သီး ဈေးကောင်းပေးဝယ်မည်



ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရန် ပို့ကုန်အရည်အသွေးရှိ စိန်တလုံးသရက်သီးများ ဈေးကောင်းပေး ဝယ်မည်ဖြစ်ကြောင်း သဇင်နွယ်သရက်ခြံမှ သိရသည်။

ယခုနှစ် စိန်တလုံးသရက်သီးများကို ယခင်နှစ်ထက် ဈေးကောင်းပေးထားပြီး အရည်အသွေးကောင်းပါက ဈေးပိုပေးသွားမည်ဖြစ်ကြောင်း သရက်ခြံမန်နေဂျာက ပြောသည်။

သဇင်နွယ်သရက်ခြံက တောင်သူများထံမှဝယ်ယူမည့် စိန်တလုံးသရက်သီးများကို အရွယ်အစား အရည်အသွေးအလိုက် ဈေးသတ်မှတ်ထားရာ အသေးဆိုဒ် ၂၆၀-၃၁၀ ကီလိုဂရမ် တစ်တန်လျှင် ၁,၂၅၀,၀၀၀၊ အလတ်ဆိုဒ် ၃၁၀- ၃၆၀ ကီလိုဂရမ် တစ်တန်လျှင် ငွေကျပ် ၁,၄၅၀,၀၀၀၊ အကြီးဆိုဒ် ၃၆၀-၄၁၀ ကီလိုဂရမ် တစ်တန်လျှင် ငွေကျပ် ၁,၆၅၀,၀၀၀၊ အကြီးဆုံး ဆိုဒ် ၄၁၀-၄၆၀ ကီလိုဂရမ် တစ်တန်လျှင် ငွေကျပ် ၁,၉၀၀,၀၀၀ဖြင့် ဝယ်ယူပေးသွားမည်ဖြစ်သည်။

စိန်တလုံးသရက်သီး ရောင်းချလိုသည့် တောင်သူများအနေဖြင့် ဝယ်ယူမည့်တန်ချိန် ကန့်သတ်ချက်ရှိတာကြောင့် စဉ့်ကိုင်မြို့နယ် ပလိပ်မြို့၊ ဆည်ရွာဇရပ်အနီး သဇင်နွယ် သရက်ခြံ ဖုန်း ၀၉-၄၃၁၁၇၄၁၇၊ ၀၉-၂၀၁၃၃၈၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

ယခင်နှစ်များက သဇင်နွယ်သရက်ခြံအနေဖြင့် စင်ကာပူနိုင်ငံသို့ အအေးခန်း ကွန်တိန်နာများဖြင့် တန်ချိန် ၁၀၀ ကျော် တင်ပို့ခဲ့ပြီး ယခုနှစ်တွင်လည်း အခြားပြည်ပ နိုင်ငံများသို့ လေကြောင်းလိုင်းဖြင့်ပါ တင်ပို့နိုင်ရန် ဆောင်ရွက်လျက်ရှိရာ အရည်အသွေး ကောင်း စိန်တလုံးသရက်သီးများကို ယခုလိုဈေးကောင်းပေးဝယ်ခြင်းဖြစ်သည်။

မြန်မာ့စိန်တလုံးသရက်သီးမှာ ဧပြီလကုန်ပိုင်းမှစတင်ကာ ရင့်မှည့်မှုရှိပြီး ဇွန်လလယ်လောက်ထိသာ လှိုင်လှိုင်ပေါ်လေ့ ရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ကြက်သွန်နီဈေးကွက် သင်္ကြန်ကာလအပြီးနောက်ပိုင်း အတက်ဘက်သို့ ဦးတည်နေ



မန္တလေး ကြက်သွန်နီဈေးကွက်တွင် သင်္ကြန်ကာလမတိုင်မီကထက် သင်္ကြန်ကာလပြီးချိန်တွင် တစ်ပိဿာ ငွေကျပ် ၂၀၀ ဝန်းကျင် ဈေးမြင့်တက်လာရာ ဆက်လက်ပြီး အတက်ဘက်ဦးတည်မည်ဖြစ်ကြောင်း မန္တလေး ကြက်သွန်နီပွဲရုံများမှ သိရသည်။

ပြည်တွင်းလိုအပ်ချက်သာမက တရုတ်နှင့်ဗီယက်နမ်နိုင်ငံများသို့လည်း ပုံမှန်တင်ပို့ရောင်းချနေရပြီး စိုက်ပျိုးတောင်သူများက ဈေးကွက်ထိန်းကာ ရောင်းချနေကြသည်ဟု မန္တလေး၊ ကြက်သွန်နီပွဲရုံတစ်ခုမှ ပြောသည်။

ကြက်သွန်နီက တောင်သူတွေထဲမှာရှိနေတော့ သူတို့က ထိန်းပြီး ရောင်းနေကြတယ်။ပုံမှန်ဈေးကွက်အလိုအရဆိုရင်လည်း ဒီလိုအချိန်အခါ ပြီးချိန်မှာ ကြက်သွန်ဈေးမြင့်လာတဲ့အချိန်ပါ။ ခုနောက်ပိုင်းမှာ ကြက်သွန်နီဈေးက အတက်ဘက်သွားနေမယ်ဟု ၎င်းက ပြောသည်။

သင်္ကြန်ပြီးနောက်ပိုင်း ကြက်သွန်နီဈေးကွက်တွင် အမျိုးအစားနှင့်အရွယ်အစားအလိုက် တစ်ပိဿာ ငွေကျပ် ၁၈၀၀ ဝန်းကျင်ဖြင့် တောင်သူများထံမှဝယ်ယူရပြီး သင်္ကြန်ပြီးချိန်တွင် တစ်ပိဿာ ငွေကျပ် ၂၀၀ ဝန်းကျင် ဈေးမြင့်လာကြောင်း၊ အချို့ ကြက်သွန်နီများမှာ တောင်သူထံဝယ်ဈေး ငွေကျပ် ၁၅၀၀ ဝန်းကျင်မှ သင်္ကြန်ပြီးချိန်တွင် ၁၈၀၀ ဝန်းကျင် ပေးဝယ်ရကြောင်း သိရသည်။

သင်္ကြန်မတိုင်မီက တောဈေးလို့ခေါ်တဲ့ တောင်သူတွေထံ ဝယ်ဈေးက ရွှေဘို၊ မုံရွာ၊ မိတ္ထီလာ ကြက်သွန်နီဆိုရင် တစ်ပိဿာ ငွေကျပ် ၁၅၀၀ ဝန်းကျင် ခုတော့ မြစ်သားဆိုရင် ၂၀၀၀ ဝယ်ရတယ်။ မန္တလေးအရောက်ဆိုရင် သယ်ယူစရိတ်၊ အလုပ်သမားစရိတ် တစ်ပိဿာ ၂၀၀ ဝန်းကျင်ထပ်ပေါင်းရင် ဈေးကွက်မှာ ၂၅၀၀ ဝန်းကျင်လောက်ရောင်းကြတယ်ဟု ဆက်လက်ပြောကြားသည်။

ကြက်သွန်နီဈေးကွက်နှင့်ပတ်သက်၍ တောင်သူထံဝယ်ဈေးနှင့်ပွဲရုံပေါက်ဈေး ကွာခြားမှုရှိသကဲ့သို့ လက်လီ ဈေးကွက်တွင်လည်း တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ မှ ၅၀၀ ဝန်းကျင် ဈေးကွာဟမှုရှိကြောင်း၊ ကြက်သွန်နီစိုက်တောင်သူများအနေဖြင့် စိုက်ပျိုးစားရိတ်၊ ရာသီဥတုနှင့်ဒေသအခြေအနေများကြောင့် ဈေးထိန်းရောင်းကြခြင်းနှင့် ပြည်ပသို့ ပုံမှန်တင်ပို့နေရခြင်းတို့ကြောင့် ဈေးကွက်တွင် အတက်ဘက်သို့ဦးတည်လျက်ရှိရာ လက်ရှိတွင် ကြက်သွန်နီတစ်ပိဿာ ငွေကျပ် ၂၀၀၀ မှ ၂၆၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## စိန်တလုံးသရက်သီး ပေါ်ဦးပေါ်ဖျား ဈေးကောင်းရနေ

ပြည်တွင်းဈေးကွက်ထဲမှာ အမျိုးအစားကောင်းတဲ့ စိန်တလုံးသရက်သီး ရှယ်ထိပ်စတွေ ဈေးကောင်းရနေတယ်လို့ သရက်သီးစိုက်တောင်သူတွေဆီက သိရပါတယ်။




သကြိန်အပြီးခူးတဲ့အလုံးတွေ တအားစျေးကောင်းနေတယ်၊ ဒီနှစ်အသီး သိပ်မတင်တော့ စိတ်ပျက်ခဲ့ရပေမဲ့လည်း၊ စျေးကောင်းရတော့ တောင်သူတွေလည်း အဆင်ပြေကြတာပေါ့ဗျာ၊ ရှယ်ထိပ်စတစ်လုံးကို ၂၅၀၀ နဲ့အထက် စျေးရကြတယ်လို့ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ထဲက သရက်သီးစိုက် တောင်သူ ဦးဖိုးအေးက ပြောပါတယ်။

သကြိန်အပြီး သီးကြောရင့်ချိန်မှာ ခူးပြီးရောင်းချတဲ့ စိန်တလုံးသရက်သီးတွေ အရည်အသွေးကောင်းလို့ စျေးကောင်းရနေတာဖြစ်ပြီး၊ ပုံမှန်အသီးတွေလည်း၊ အရင်နှစ်တွေကထက် စျေးပိုရနေတယ်လို့ မန္တလေးသစ်သီးစျေးကွက်ဆီကနေ သိရပါတယ်။

"Grade A,B,C ဆိုပြီးတော့ ခွဲရောင်းတာပေါ့နော်၊ Grade A ကတော့ ရှယ်ထိပ်စပေါ့၊ ၄၅ လုံးပါတစ်ခြင်းကို တစ်သိန်း(ကျပ်) ဝန်းကျင်ပေးဝယ်ရတယ်၊ ပြန်ရောင်းတော့ အလုံးအလှပေါ်မူတည်ပြီး၊ တစ်လုံးကို ၃၀၀၀ ကျပ်ကနေ ၄၀၀၀ ကျပ်ကြား ပြန်ရောင်းတယ်၊ ဖောက်သည်စျေးကိုက ၂၅၀၀ ကျပ်နီးပါးရှိတယ်"လို့ မန္တလေးသစ်သီးစျေးကွက်မှ သစ်သီးရောင်းသူတစ်ဦးက ပြောပါတယ်။

မန္တလေးသစ်သီးစျေးကွက်ထဲမှာ စိန်တလုံးသရက်သီးလက်ကားပေါက်စျေး ၄၅ လုံးပါ ရှယ်ထိပ်စတစ်ခြင်းကို ကျပ်ရှစ်သောင်းကနေတစ်သိန်းကျော်အထိ ပေါက်စျေးဖွင့်ရောင်းချနေတာဖြစ်ပြီး ထိပ်စမဟုတ်တဲ့ ပုံမှန်အလုံးတွေကတော့ တစ်ခြင်းကို ကျပ်လေးသောင်းခွဲဝန်းကျင် ပေါက်စျေးရှိတယ်လို့ သိရပါတယ်။

Source: [https://t.me/htwettoe](https://t.me/htwettoe)

## ကျိုက်လတ်မြို့နယ်မှမော်လမြိုင်ကျွန်းမြို့နယ်သို့ ပြီးခဲ့သည့်မတ်လအတွင်းက ငရုတ်သီးခြောက်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ပြီးခဲ့သည့် မတ်လအတွင်းက ငရုတ်သီးခြောက်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြ၍သိရသည်။

ကျိုက်လတ်မြို့နယ်မှ မော်လမြိုင်ကျွန်းမြို့နယ်သို့ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ငရုတ်သီးခြောက်ပိဿာချိန် ၅၄,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ တစ်လအတွင်း ငရုတ်သီးခြောက်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ တင်ပို့ ရောင်းချခဲ့သည့် ငရုတ်သီးခြောက် ၁၀ ပိဿာလျှင် ငွေကျပ် ၇၅,၀၀၀ ထိ စျေးရှိနေကြောင်း သိရသည်။

"ပြီးခဲ့တဲ့မတ်လအတွင်းက ကျိုက်လတ်မြို့နယ်ကနေ မော်လမြိုင်ကျွန်းမြို့နယ်ကို ငရုတ်သီးခြောက်ပိဿာချိန် ၈၇,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးအတွင်းက အခြားနယ်မြို့တွေကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ကျိုက်လတ်မြို့နယ်ကထွက်တဲ့ ဒေသထွက်ငရုတ်သီးတွေက အရည်အသွေးကောင်းတယ်။ ဒါကြောင့် လူကြိုက်များပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေပါတယ်"ဟု ကျိုက်လတ်မြို့နယ်မှ စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ လက်ရှိတွင် ငရုတ်သီးခြောက်များ တင်ပို့ရောင်းချအားတက်လာခြင်းကြောင့် တောင်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေနေကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ မတ်လအတွင်းက ကွမ်းသီးအနုပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



ရောဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းက ကွမ်းသီးအနုပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုစံက ပြောပြ၍သိရသည်။ မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်စျေးကွက်သို့ ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက ကွမ်းသီးအနု ပိဿာချိန် ၅၅,၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လ ၁ ရက်နေ့မှ ၃၁ ရက်နေ့ထိ ကွမ်းသီးအနုပိဿာချိန် ၇၈,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်ပစျေးကွက်မှ ကွမ်းသီး အနုများ ဝယ်လိုအားကောင်းလာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"ပြည်ပစျေးကွက်က မှာယူမှုများလာလို့ ရန်ကုန်ကို ကုန်အများအပြားတင်ပို့နေရတာဖြစ်ပါတယ်။ လက်ရှိ မော်လမြိုင်ကျွန်းမြို့နယ်ကနေ တင်ပို့ရောင်းချနေတဲ့ ကွမ်းသီးအနု ၁၀ ပိဿာကို ငွေကျပ် ၈၅,၀၀၀ ထိ စျေးရှိနေပါတယ်။ ကွမ်းသီးအနုရဲ့ ပြည်ပအဓိကစျေးကွက်က တရုတ်နိုင်ငံစျေးကွက်ပါ။ လက်ရှိမှာ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေနေပါတယ်" ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုစံက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့်ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများထိ သွားရောက်ဝယ်ယူကာ စနစ်တကျရွေးချယ်ထုပ်ပိုးပြီး ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## အစိုးရချင်းညှိနှိုင်းမှုစနစ်ဖြင့် ဆန်တင်ပို့မှုမြှင့်တင်ရန် ထိုင်းနိုင်ငံကြိုးပမ်း



ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အစိုးရချင်းညှိနှိုင်းမှုစနစ် (G2G) ဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ဆန်တင်ပို့ရောင်းချခြင်းကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည့်အပြင် အလားတူစနစ်ဖြင့် တရုတ်နိုင်ငံသို့လည်း ဆန်တင်ပို့နိုင်ရန် ညှိနှိုင်းမှုများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ယခင်နှစ်၌ ကျင်းပခဲ့သော ဂျပန်-အာဆီယံ ထိပ်သီးဆွေးနွေးပွဲတွင် ထိုင်းနိုင်ငံထံမှ ဆန် တန်ချိန် ၁ သန်းကို G2G စနစ်ဖြင့် ဝယ်ယူလိုကြောင်း အင်ဒိုနီးရှားနိုင်ငံက အဆိုပြုခဲ့သည်။ ထို့နောက် ပထမအသုတ်အဖြစ် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၅၅၀၀၀၀ ကို အင်ဒိုနီးရှားသို့ အဆိုပါစနစ်ဖြင့်တင်ပို့ခဲ့ရာ ယခုလ အတွင်း ရောက်ရှိပေးပို့နိုင်ဖွယ်ရှိသည်။ ဒုတိယအသုတ်အဖြစ် ဆန်များဆက်လက်တင်ပို့နိုင်ရန်ကိုလည်း ဆောင်ရွက်လျက် ရှိကြောင်း ထိုင်းကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြောကြားထားသည်။

ထိုင်းနိုင်ငံကူးသန်းရောင်းဝယ်ရေးဝန်ကြီး Phumtham Wechayachai က ဝန်ကြီးဌာနအနေဖြင့် တရုတ်နိုင်ငံနှင့် စာချုပ်ချုပ်ဆိုထားမှုအရ နောက်ထပ် ဆန်တန်ချိန် ၂၈၀,၀၀၀ ကို G2G စနစ် ဖြင့် တင်ပို့ရောင်းချမည့်ကာလအား သက်တမ်းတိုးမြှင့်နိုင်ရေး ညှိနှိုင်းထားရှိမှုရလဒ်ကို စောင့်ဆိုင်းလျက်ရှိကြောင်း၊ အခြားဆန်တင်သွင်းသည့် နိုင်ငံများသို့လည်း G2G စနစ်ဖြင့် ရောင်းချရန် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ယခင်နှစ်၌ ထိုင်းနိုင်ငံသည် ၅ နှစ်တာအတွင်း အများဆုံးအဖြစ် ဘတ်ငွေ ၁၇၈ ဘီလီယံတန်ဖိုးရှိသော ဆန်တန်ချိန် ၈ ဒသမ ၇၆ သန်းကို တင်ပို့ခဲ့ရာ တန်ဖိုးအားဖြင့် ၂၈ ရာခိုင်နှုန်းတိုးတက်မှုရရှိခဲ့သည်။ ပြိုင်ဘက်နိုင်ငံများထက် ဈေးနှုန်းပိုမိုမြင့်မားမှု ရှိသော်လည်း ထိုင်းဟုန်မာလီဆန်မွှေးတင်ပို့မှုမှာ ကောင်းမွန်မှုရှိပြီး ၂၀၂၃ ခုနှစ်တွင် ၎င်းဆန်အမျိုးအစားကို တန်ချိန် ၁ ဒသမ ၃၂ သန်း တင်ပို့နိုင်ခဲ့ရာ ယခင်နှစ်ထက် ၅ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ ထိုင်းဆန်တင်ပို့မှု အဓိကဈေးကွက်များမှာ အမေရိကန်၊ တရုတ်၊ ကနေဒါနှင့်ဟောင်ကောင်တို့ဖြစ်ကြောင်း ဝန်ကြီး Mr Phumtham က ပြောဆိုသည်။

ဝန်ကြီး Mr Phumtham သည် ထိုင်းပြည်တွင်းကုန်သွယ်မှုဌာနက ၂၄-၄-၂၀၂၄ နေ့တွင် ကျင်းပခဲ့သော ၂၀၂၃ ခုနှစ်အတွက် ၄၁ ကြိမ်မြောက် အမျိုးသားဟုန်မာလီဆန်ပြိုင်ပွဲ၌ သဘာပတိအဖြစ်ဆောင်ရွက်ခဲ့သည်။ လယ်သမား ၄ ဒသမ ၇ သန်းကျော်က စိုက်ပျိုးလျက်ရှိသော ထိုင်းဆန်ထုတ်ကုန်များ၏ ကိုယ်ပိုင်လက္ခဏာများအား သိမြင်နားလည်မှုကို မြှင့်တင်နိုင်ရန်အတွက် အဆိုပါပြိုင်ပွဲကို ထိုင်းပြည်တွင်းကုန်သွယ်မှုဌာနက ကျင်းပခြင်းဖြစ်သည်။ ပြိုင်ပွဲကျင်းပလျက် ဆုချီးမြှင့်ခြင်းသည် ထိပ်တန်း အရည်အသွေးရှိသော ထိုင်းစံပယ်ဆန်ကို ဖော်ထုတ်ထိန်းသိမ်းရာတွင် အထောက်အပံ့ပြုကြောင်း၊ လယ်ယာစိုက်ပျိုးရေး စံချိန်စံညွှန်းများကို မြှင့်တင်မှုနှင့်အတူ ရေရှည်တည်တံ့သော စိုက်ပျိုးရေးစံပြပုံစံတစ်ခု ဖန်တီးမှုကိုလည်း အထောက်အကူ ပြုကြောင်း Mr Phumtham က ပြောကြားခဲ့သည်။

**Source: Bangkok Post, April 25, 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/my/node/19416

## ယခုဘဏ္ဍာနှစ်အတွင်း ရေထွက်ကုန်တင်ပို့မှုမှ ဒေါ်လာသန်း ၈၀၀ ကျော်ရရန် မျှော်မှန်းထား




၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ပနိုင်ငံများသို့ ရေထွက်ကုန် တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၈၀၀ ကျော် ရရှိနိုင်ရန် မျှော်မှန်းထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ရေထွက်ကုန် တန်ချိန် ၅ သိန်း ၂ သောင်းကျော်တင်ပို့နိုင်ခဲ့ပြီး ဒေါ်လာသန်း ၇၃၀ နီးပါး ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများကို ပုံမှန်ကုန်သွယ်ရေး Normal Trade နှင့် နယ်စပ်ကုန်သွယ်ရေး Border Trade လမ်းကြောင်းများမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ တင်ပို့နေခြင်း ဖြစ်သည်။

မြန်မာ့ရေထွက်ကုန်များကို ပုံမှန်ကုန်သွယ်ရေးအဖြစ် ဂျပန်နှင့်ဥရောပနိုင်ငံများအပါအဝင် တရုတ်၊ ထိုင်းနှင့်အိမ်နီး ချင်းနိုင်ငံ ထံသို့ မူဆယ်၊ မြဝတီ၊ ကော့သောင်း၊ စစ်တွေ၊ မြိတ်၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းများမှ ငါး၊ ပုစွန်၊ ကဏန်းစသည့် ရေထွက်ကုန်များကို ပုံမှန်တင်ပို့နေခြင်းဖြစ်သည်။

မြန်မာတစ်နိုင်ငံလုံးတွင် ငါးနှင့်ပုစွန်မွေးမြူသည့်ကန်ပေါင်း (၄၈၀,၀၀၀) ရှိပြီး အအေးခန်း သိုလှောင်ရုံပေါင်း (၁၂၀) ကျော် ရှိကြောင်း ငါး၊ ပုစွန်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

ပြည်ပသို့ ငါးတင်ပို့မှုတွင် ငါးသလောက်၊ ကကတစ်၊ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ငါးတန်စသည့် အမျိုးအစား (၂၀)ကျော်ကို နိုင်ငံပေါင်း (၄၀) သို့ တင်ပို့နေခြင်းဖြစ်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=157116

## အာလူးဈေးကျနေ၍ တောင်သူများ အရှုံးပေါ်နေ

ရှမ်းပြည်နယ်တောင်ပိုင်းမှထွက်ရှိသည့် အာလူးဈေးများအဆမတန်ဈေးကျနေသည့်အတွက် တောင်သူများအရှုံးပေါ်နေ ကြောင်း အောင်ပန်းရှိ အာလူးပွဲရုံများမှ စုံစမ်းသိရသည်။



ရှမ်းပြည်နယ်တောင်ပိုင်းရှိ ပင်လောင်း၊ နောင်တရား၊ တီကျစ်၊ အောင်ပန်းမြို့နယ်တို့မှ ထွက်ရှိသည့်အာလူးများမှာ ယခင်က အမျိုးအစားအလိုက် တစ်ပိဿာ ၄၀၀၀ ကျပ်မှ ၅၀၀၀ ကျပ်အထိရခဲ့ပြီး ယခုအခါ ထက်ဝက်ဝန်းကျင်သာ ဈေးရရှိနေကြောင်း သိရသည်။

ယခုနှစ်တွင် မျက်နီ S-2 –S1 အကြီးအသေးရော တစ်ပိဿာ (၂,၂၀၀) ကျပ်၊ မျက်နီ S-1 တစ်ပိဿာ (၂,၀၀၀) ကျပ်၊ မျက်နီ OK တစ်ပိဿာ (၁,၈၀၀) ကျပ်၊ မျက်နီ A1 တစ်ပိဿာ (၁,၃၀၀) ကျပ်၊ မျက်နီ A1-ဆွဲ တစ်ပိဿာ (၁,၂၀၀)ကျပ်၊ မျက်နီ ဂေါ်လီဆိုဒ် တစ်ပိဿာ (၉၀၀) ကျပ်၊ မားကီစ် S-2 တစ်ပိဿာ(၂,၅၀၀) ကျပ် (အကြော်သီး) မားကီစ် S-1 တစ်ပိဿာ (၂,၅၀၀) ကျပ် (အကြော်သီး) ဈေးသာရရှိကြောင်း သိရသည်။

"ဒီနှစ်ဈေးက အရမ်းကျသွားတယ်။ ၄၀၀၀ ကျော်ကနေ ၂၀၀၀ အထိ ကျသွားတယ်။ အရင်းတောင်ပြန်မရဘူး။ အရင်းက အရမ်းကြီးတယ်။ ဖြန်းတဲ့ဆေးဖိုးရော၊ မြေဩဇာဖိုးရော၊ လူငှားခရော ဈေးအရမ်းကြီးတယ်။ အရင်းတောင်ပြန်မရဘူး။ ကြာကြာသိုလှောင်လို့လည်းမရဘူး။ အဲဒါကြောင့် အရှုံးနဲ့ပဲရောင်းနေရတာ"ဟု အာလူးစိုက်တောင်သူတစ်ဦးက ပြောသည်။ အာလူးကို မိုးရာသီနှင့်နွေရာသီတွင်စိုက်ပျိုးကြပြီး ရန်ကုန်၊ မန္တလေး၊ မူဆယ်၊ မြဝတီနှင့်ပြည်ပနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့သို့ တင်ပို့နေခြင်းဖြစ်ကြောင်းသိရသည်။ "ပြည်ပဝယ်လက်လည်း မရှိတော့ဘူး။ လမ်းကြောင်းအခြေအနေတွေက မကောင်းတော့ မပို့ရဘူး။ အဲဒါကြောင့်ဈေးကျတာလည်းပါတယ်" ဟု အာလူးကုန်သည်တစ်ဦးကပြောသည်။

**Source:** https://www.popularmyanmar.com/?p=157093

## ပြည်ပသို့ ကော်ဖီတင်ပို့မှု ယခုဧပြီလတွင် စတင်မည်



ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ကော်ဖီတန်ချိန် ၂၀၀၀ ခန့် တင်ပို့နိုင်ရန် စီစဉ် ဆောင်ရွက်လျက်ရှိပြီး ယခုလမှစတင်၍ တင်ပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ကော်ဖီအသင်းမှ သိရသည်။

ပြည်တွင်း၌ နှစ်စဉ်ကော်ဖီတန်ချိန် ၈၀၀၀ မှ ၁၀,၀၀၀ အကြား ထွက်ရှိပြီး ပြည်ပ တင်ပို့ရာတွင် ထွက်ရှိမှုစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းအထိ တင်ပို့နေခြင်းဖြစ်သည်။ ပြည်ပဈေးကွက်တွင် မြန်မာ့ကော်ဖီ၏ အရည်အသွေးနှင့် အမျိုးအစားအလိုက် ကော်ဖီတစ်တန်လျှင် ဒေါ်လာ ၅၅၀၀ မှ ဒေါ်လာ ၈၃၀၀ ခန့်အထိ ဈေးရရှိနေကြောင်း သိရသည်။

မြန်မာ့ကော်ဖီကို ရှမ်းပြည်နယ်တွင် အများဆုံးစိုက်ပျိုးပြီး မန္တလေး၊ မကွေး၊ တနင်္သာရီ၊ ရှောဝတီ၊ ကရင်နှင့်ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကော်ဖီစိုက်ပျိုးဧက ၅၀,၀၀၀ ကျော်ရှိပြီး Arabica ကော်ဖီ စိုက်ဧက ၃၈,၀၀၀ ကျော် ၊ Robusta ကော်ဖီ စိုက်ဧက ၁၂,၀၀၀ ကျော်ရှိကာ နှစ်စဉ် နိုဝင်ဘာလမှဖေဖော်ဝါရီလအထိ ဆွတ်ခူးလေ့ရှိပြီး ပြည်ပဈေးကွက်သို့ ယခုဧပြီလတွင် စတင်တင်ပို့ရောင်းသွားမည်ဖြစ်သည်။

ယခုနှစ်ကော်ဖီရာသီတွင် အမေရိကန်၊ နယ်သာလန်၊ ဩစတေးလျ၊ ဂျပန်၊ ကိုရီးယား၊ တရုတ်(တိုင်ပေ)၊ ပြင်သစ်၊ ဂျာမနီ၊ ဆွစ်ဇာလန်၊ ထိုင်းနှင့်တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=157022

## ကိုဗစ်ကာလအပြီးတည်းက ငါးရံ့ခြောက်များ ပြည်ပသို့တင်ပို့နိုင်ခြင်း မရှိတော့ဟုဆို

ကိုဗစ်ကာလမတိုင်ခင် ပြည်ပတင်ပို့မှုရှိခဲ့သည့် ငါးရံ့ခြောက်များကို ယခုအခါ ပြန်လည်တင်ပို့နိုင်ခြင်းမရှိတော့ကြောင်း ငါးခြောက်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များ၏ပြောပြချက်အရ သိရသည်။



အဆိုပါ ငါးရံ့ခြောက်များကို ကိုဗစ်ကာလမတိုင်ခင်က ပြည်ပဈေးကွက်ဖြစ်သည့် စင်ကာပူ၊ တရုတ်၊ ထိုင်း စသည့်နိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါကာလအတွင်း တင်ပို့မှုရပ်နားခဲ့ရာမှ လက်ရှိအချိန်ထိ ပြန်လည်တင်ပို့နိုင်ခြင်းမရှိကြောင်းသိရသည်။ "အခုက ပြည်တွင်းဈေး တစ်ခုတည်းကိုပဲ အားကိုးနေရတော့ ဈေးကဘယ်ရမလဲ။ အရင်က ပြည်ပဈေးကွက်ရှိတော့ အရောင်းလည်းသွက်သလို ဈေးကောင်းလည်းရတယ်" ဟု ငါးခြောက်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိ ဒေသငါးရံ့ငါးခြောက်ဈေးကွက်တွင် ငါးရံ့ခြောက် အကြီးတစ်ပိဿာ ၁၄၅,၀၀၀ ကျပ်၊ ငါးရံ့ ငါးခြောက်အလတ် တစ်ပိဿာ ၁၂၅,၀၀၀ ကျပ်၊ ငါးရံ့ ငါးခြောက်အသေး တစ်ပိဿာ ၁၀၈,၀၀၀ ကျပ် ပေါက်ဈေးရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသထွက် ငါးရံ့ခြောက်များ ပြုလုပ်ရန်အတွက် ငါးရံ့များကို ဘိုကလေးမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ မအူပင်မြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ပန်းတနော်မြို့နယ်များရှိ ရေချိုအင်းအိုင်များတွင် အများဆုံးရရှိကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=156988

## STOCK EXCHANGE (29.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,382 (Shares) | 48,918,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,600 | 8,900 | 8,600 | 1,915 | 16,844,500 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 6,013 | 17,317,700 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,500 | 1,500 | 1,450 | 8,317 | 12,429,900 | 29,664,613 | 44,497 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 20 | 33,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 2 | 9,200 | 10,497,598 | 48,289 |
| MAEX | 00008 | 1,950 | -100 | -4.88% | 2,050 | 2,050 | 1,950 | 1,115 | 2,284,350 | 23,804,946 | 46,420 |


YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,382 (Shares) | 48,918,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | +0 | +0.00% | 8,600 | 8,900 | 8,600 | 1,915 | 16,844,500 | 33,109,694 | 291,365 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 6,013 | 17,317,700 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,500 | -50 | -3.23% | 1,500 | 1,500 | 1,450 | 8,317 | 12,429,900 | 29,664,613 | 44,497 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 12,823,224 | 37,829 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,650 | 1,650 | 1,650 | 20 | 33,000 | 19,977,223 | 32,962 |
| AMATA | 00007 | 4,600 | +0 | +0.00% | 4,600 | 4,600 | 4,600 | 2 | 9,200 | 10,497,598 | 48,289 |
| MAEX | 00008 | 1,950 | -100 | -4.88% | 2,050 | 2,050 | 1,950 | 1,115 | 2,284,350 | 23,804,946 | 46,420 |

## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 25th Apr. 2024

| Trading Volume | Trading Value |
|---|---|
| 17,382 (Shares) | 48,918,650 (MMK) |

## Main Board

As of 1:00 pm, 25th Apr. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,382 (Shares) | 48,918,650 (MMK) |

| MYANPIX | 369.78 |
|---|---|
| | ▼ 2.04 |
| Total Volume (shares) | 17,382 |
| Total Value (MMK) | 49 mil |
| Listed Company | 8 |
| Market Cap. (MMK) | 697,465 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,500 | ▼ 50 |
| TMH | 00005 | 2,950 | ▲ 0 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,600 | ▲ 0 |
| MAEX | 00008 | 1,950 | ▼ 100 |

TIR